မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 8 , 2026 Volume 103 , Number 6


ရ. ၆. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၈.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၈.၄၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၉.၅၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၁.၁၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၀ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂ လအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ သိန်းကျော် တင်ပို့




အခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလနဲ့ မေလမှာ ပြည်ပကို ဆန် နဲ့ဆန်ကွဲတန်ချိန် ၃ သိန်းကျော် တင်ပို့ထားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ စာရင်းတွေအရ သိရပါ တယ်။

၂ လအတွင်း ပြည်ပကို ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၃၀၅,၈၂၁ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၃ သန်း ရရှိထားတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဧပြီလအတွင်း မြန်မာ့ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁၆၉,၅၅၉ တန် တင်ပို့ခဲ့ပြီး မေလထဲမှာ ဆန်နဲ့ဆန်ကွဲ တန်ချိန် ၁၃၆,၂၆၂ တန် တင်ပို့နိုင်ခဲ့တာပါ၊ အခုဘဏ္ဍာနှစ်အတွင်း နိုင်ငံတကာဈေးကွက်ကို ပင်လယ်ရေကြောင်းကသာ ဆန်နဲ့ဆန်ကွဲ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးကနေ တင်ပို့မှုမရှိခဲ့ဘူးလို့ ဆိုပါတယ်။

ပြည်ပကို ဆန်တင်ပို့ရာမှာ မဒါဂတ်စကား ၊ ဖိလစ်ပိုင် ၊ တရုတ် ၊ ပိုလန် ၊ စပိန်နိုင်ငံတွေကို ဆန်တန်ချိန် အများဆုံး တင်ပို့ခဲ့ပြီး ဆန်ကွဲကိုလည်း ၊ တရုတ် ၊ ဘယ်လ်ဂျီယံ ၊ နယ်သာလန် ၊ ပိုလန် ၊ စပိန် ၊ အီတလီ နဲ့ UK နိုင်ငံတွေကို အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

နိုင်ငံတကာဈေးကွက်ကို ညှော်မထ/ ငစိန် အုပ်စုဝင်တွေဖြစ်တဲ့ ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ဧယာ ၊ ငွေတိုး၊ မင်းရော ၊ ရွှေမန်း စတဲ့ ဆန်ကြမ်းတွေကို အဓိကတင်ပို့နေပြီး တရုတ်နိုင်ငံက ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းလောက် ဈေးကွက်ဝေစုရယူထားတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၅၄ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့်ဝယ်ယူ စားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ် ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက် နေ့မှ ၁၁ ရက်နေ့အထိရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာစားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၅၄ ဖြစ် ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူ ပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ရွှေပိတောက်ငါးဈေး၌ တစ်ရက်လျှင် လုပ်သားအင်အား ၂၀၀၀ ကျော်ဖြင့် ရေချိုထွက်ကုန်များ နိုင်ငံတစ်ဝှမ်းသို့ ဖြန့်ဖြူးပေးနေ



နိုင်ငံတစ်ဝှမ်းသို့ ရေချိုထွက်ကုန်များ နေ့စဉ်မပြတ် စီးဆင်းလျက် ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးကြီး မှ တစ်ရက်လျှင် လုပ်သားအင်အား ၂၀၀၀ ကျော်ဖြင့် ရေချိုထွက်ကုန် များကို နိုင်ငံတစ်ဝှမ်းသို့ ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ဘုရင့်နောင်လမ်းမကြီးနှင့် လှိုင်မြစ်မှ ရွှေပိတောက်ငါးဈေးသို့ဝင် ရောက်လာသည့် ရေချိုထွက်ကုန်များကို ရန်ကုန်မြို့နှင့် ဒေသအသီး သီးသို့တင်ပို့ရာ၌ လုပ်သားအင်အားသည် အရေးပါလျက်ရှိရာ ရွှေပိတောက်ငါးဈေးသို့ လှိုင်၊ ကြည့်မြင်တိုင်၊ ဒလ၊ တွံတေး၊ အင်းစိန်၊ လှိုင်သာယာနှင့် ရွှေပြည်သာ မြို့နယ်တို့မှ အလုပ်သမားများ နေ့စဉ် ကုန်တင်ကုန်ချ၊ ရေခဲရိုက်၊ ငါးပုံးရိုက်၊ ပို့ဆောင်ရေးနှင့် အရောင်းအဝယ်လုပ်ငန်းတို့၌ လုပ်ကိုင်ကြလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးသည် ရှစ်ဧကကျော်ကျယ်ဝန်းပြီး ဆိပ်ကမ်းတစ်ခုလည်းရှိ၍ဈေးရုံပေါင်းခုနစ်ရုံရှိကာ ဆိုင်ခန်းနှင့်ရေခဲဒိုင် အပါအဝင် ဆိုင်ခန်းပေါင်း ၄၃၂ ခန်းရှိကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## မုဒုံမြို့ဒေသထွက် မင်းကွတ်သီးများ ဈေးကောင်းရရှိကာ စိုက်ပျိုးသူများအဆင်ပြေ



မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ပြီး ကာလရှည်သီးနှံ တစ်မျိုးဖြစ်သည့် ရာသီပေါ် မင်းကွတ်သီးများ ယခုနှစ်စတင် ထွက်ရှိချိန် တွင် ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေ လျက်ရှိသည်။

မင်းကွတ်ပင်များသည် မြေပြန့်နှင့် မြေသြဇာထက်သန်သော သဲနုန်းမြေပွ ၊ ပူအိုက် စိုစွတ် ထိုင်းမှိုင်းသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်၍ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်၊ ကိုင်းကူးနည်းများဖြင့် အကျယ်သုံးပေ၊ အနက် သုံးပေအတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့်အကွာ စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်များ စိုက်ပျိုးပြီး ၁၀ နှစ် မှ ၁၂ နှစ် အရွယ် ရောက်ချိန်မှသာ အသီးစတင်ထွက်ရှိ၍ ခူးဆွတ်ရောင်းချနိုင်ပြီး အပင်တစ်ပင်လျှင် သက်တမ်း နှစ် ၄၀ မှ ၅၀ အထိ ရှင်သန်နိုင် ကာ ပိုးမွှားကင်းစင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း၊ မင်းကွတ်သီးများ ယခုစတင်ထွက်ရှိချိန်တွင် တစ်လုံးလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ ကျပ်အထိ ရရှိကာ မြို့ပေါ်ဈေးများနှင့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများအပြင် အခြားမြို့နယ်များ ကိုလည်း တင်ပို့ရောင်းချရကြောင်း မုဒုံမြို့နေ ခြံစိုက်တောင်သူတစ်ဦးက ပြောသည်။

မုဒုံမြို့နယ်တွင် ဒေသထွက် သစ်သီးဝလံ မျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပ တင်ပို့နိုင်ရန် သုတေသနပြု စိုက်ခင်း များပျိုးထောင်ထားရှိခြင်း၊ သစ်သီးဝလံသုတေသနစိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တောင်သူများနှင့်ပူးပေါင်းခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနနှင့်တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**Source : DOCA (မွန်)**

## ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ကုလားပဲမျိုးစုံဈေးနှုန်းအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခု ဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံများကို မှော်တော်ကျေးရွာ၊ မြေထူးကျေးရွာနှင့် အခြားသော ကျေးရွာ များတွင် စိုက်ပျိုးကြောင်း၊ ကန့်ဘလူမြို့နယ်သည် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ကုလားပဲစိုက်ပျိုးထွက်ရှိမှု များပြားသော ဒေသ တစ်ခုဖြစ်ပြီး ထွက်ရှိသော ကုလားပဲများကို မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။ ယခုကာလတွင် ကုလားပဲ မျိုးစုံ၏ ဈေးနှုန်းများမှာ ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပတင်ပို့မှု အခြေအနေများပေါ်မူတည်၍ အတက်အကျ ဖြစ်ပေါ်လျက်ရှိ ကြောင်း သိရသည်။

ကန့်ဘလူဒေသတွင် ကုလားပဲ V2၊ V7၊ 929 နှင့် ထိုင်ဝမ်ကုလားပဲမျိုးများ အဓိကစိုက်ပျိုးကြပြီး ယခုအခါ လက်ကျန်ပဲပမာဏ နည်းပါးလာခြင်းကြောင့် ရောင်းလိုအားလျော့ကျနေသည်။

ထို့ကြောင့် ဒေသတွင်းဝယ်လက်များနှင့် ပွဲရုံများမှ ဝယ်ယူမှု ဆက်လက်ရှိနေသဖြင့် ဈေးနှုန်းများမှာ တည်ငြိမ်မှုရှိသော် လည်း အနည်းငယ်မြင့်တက်လာသည့် အခြေအနေကို တွေ့ရသည်။

လက်ရှိ ဈေးကွက်အခြေအနေအရ ယခုဇွန်လ ပထမပတ်အတွင်း ကုလားပဲ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၆၀,၀၀၀ ၊ 929

တစ်တင်းလျှင် ကျပ် ၆၂,၀၀၀ ၊ V2 တစ်တင်းလျှင် ၆၃,၀၀၀ နှင့် V7 တစ်တင်းလျှင် ၆၂,၀၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တစ်တင်းလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ မြင့်တက်လာကြောင်း သိရသည်။

ပြည်ပတင်ပို့မှု တိုးတက်လာခြင်း၊ အိန္ဒိယနိုင်ငံ၏ ပဲဝယ်လိုအား ဆက်လက်ရှိနေခြင်းနှင့် လက်ကျန်ပဲပမာဏ လျော့နည်းလာခြင်းတို့ကြောင့် ကုလားပဲဈေးနှုန်းများမှာ ရေတိုကာလအတွင်း အားကောင်းနေဦးမည်ဟု ခန့်မှန်းရသည်။

သို့သော် မိုးရာသီမတိုင်မီ လက်ကျန်ပဲများ ထုတ်ရောင်းမှုများလာပါက ဈေးနှုန်းအနည်းငယ် ပြန်လည်ငြိမ်သက်နိုင်ကြောင်း ဈေးကွက်လေ့လာသူများက သုံးသပ်ထားသည်။

ကန့်ဘလူမြို့နယ်၏ ကုလားပဲဈေးကွက်မှာ မန္တလေးဈေးကွက်၏ ဝယ်လိုအားအပေါ် အဓိကမှီခိုနေပြီး လက်ရှိတွင် ရောင်းလိုအားနည်းခြင်းနှင့် ပို့ကုန်လိုအပ်ချက်များကြောင့် ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Source : DOCA**(စစ်ကိုင်း)

## အိန္ဒိယကုန်သည်များ ပဲပုပ်ဖတ်တင်ပို့မှုစာချုပ်များဖျက်သိမ်းပြီး အာဖရိကမှ ပဲပုပ်စေ့များတင်သွင်းနေ

အိန္ဒိယနိုင်ငံအတွင်း ပဲပုပ်ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် ကုန်သွယ်စီးဆင်းမှုများပြောင်းလဲသွားခဲ့ပြီး၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယကုန်သည်များအနေဖြင့် ပြည်ပတင်ပို့ရန် ပဲပုပ်ဖတ် (Soymeal) တန်ချိန် ၂၅,၀၀၀ ရှိသောစာချုပ်များကို ဖျက်သိမ်းခဲ့ရပြီး အာဖရိကနိုင်ငံများထံမှ ပဲပုပ်စေ့တန်ချိန် ၈၀,၀၀၀ တင်သွင်းရန်မှာယူထားရကြောင်း ကုန်သွယ်ရေးဌာနသတင်းရင်းမြစ်များအရ သိရသည်။

ယခုကဲ့သို့စာချုပ်များဖျက်သိမ်းလိုက်ခြင်းကြောင့် ပုံမှန်အားဖြင့် အိန္ဒိယကုန်သည်များထံမှ ပုံမှန်ဝယ်ယူလေ့ရှိသည့် အာရှဝယ်လက်များ(ဗီယက်နမ်၊အင်ဒိုနီးရှား)ထံသို့ မြောက်အမေရိကနှင့် တောင်အမေရိကမှ ပဲပုပ်ဖတ်တင်ပို့သူများက ပိုမိုတိုးမြှင့်တင်ပို့ခွင့်ရနိုင်ကြောင်းသိရသည်။

ထို့ပြင် အိန္ဒိယ၏ပဲပုပ်စေ့ဝယ်ယူမှုကြောင့် အာဖရိကပြည်ပပို့ကုန်လုပ်ငန်းရှင်များသည် ကမ္ဘာ့ပေါက်ဈေးထက် ပိုမိုမြင့်မားသော(အမြတ်များသော) ဈေးနှုန်းဖြင့် ရောင်းချခွင့်ရနေကြကြောင်း သိရသည်။

ကုန်သည်များ၏အဆိုအရ ပြည်တွင်းပဲပုပ်စေ့ဈေးနှုန်းများ ရှတ်တရက်မြင့်တက်သွားခြင်းသည် ပဲပုပ်ဖက်ထုတ်လုပ်မှုကုန်ကျစရိတ်ကိုမြင့် တက်စေပြီး ကုန်သည်များအနေဖြင့် ပြည်ပတင်ပို့ရန် ချုပ်ဆိုထားသည့်စာချုပ်များကို အကောင်အထည်ဖော်ရန်ခက်ခဲသွားစေခဲ့ကြောင်း သိရပြီး မေလနှင့်ဇွန်လအတွင်း တင်ပို့မည့်စာချုပ်များကို ဖျက်သိမ်းရန် ဝယ်သူများနှင့် သဘောတူညီထားကြကြောင်း သိရသည်။

ပဲပုပ်ဖတ်ကုန်သွယ်မှုတွင် သိသာထင်ရှားသော ဈေးနှုန်းအတက်အကျဖြစ်စဉ်မျိုး ဖြစ်ပွားလေ့မရှိသဖြင့် ယခုကဲ့သို့စာချုပ်များဖျက်သိမ်းခြင်းသည်အလွန်ရှားပါးကြောင်း၊ ယခုစာချုပ်ဖျက်သိမ်းမှုများတွင် လျော်ကြေးပေးဆောင်ရခြင်းမရှိကြောင်း သိရသည်။

ပဲပုပ်စေ့အထွက်နှုန်းကျဆင်းမှုကြောင့် ကုန်စည်အထောက်အပံ့ပြတ်လပ်နေစဉ်အတွင်း ပြည်တွင်းပဲပုပ်ဖတ်ဈေးနှုန်းများသည် တစ်လအတွင်း ၄၁ ရာခိုင်နှုန်းခန့်မြင့်တက်သွားပြီး မက်ထရစ်တစ်တန်လျှင် ၆၆,၀၀၀ ရူပီးအထိရောက်ရှိခဲ့ကာ ၄ နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်လာခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးကုန်စည်တင်ပို့သည့် Suraj Impex ကုမ္ပဏီတည်ထောင်သူ Vinod Jain က "ဈေးနှုန်းတွေ အဆမတန်မြင့် တက်နေတာကြောင့် အိန္ဒိယဟာ ပဲပုပ်ဖတ်ပြည်ပတင်ပို့ဖို့ အော်ဒါအသစ်တွေ မရတော့ဘူး၊ ဒါကြောင့် ကုန်သည်တွေဟာ အာဖရိကနိုင်ငံတွေကနေ တင်သွင်းမှုကို မြှင့်တင်နေကြရတာပါ" ဟု ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲပုပ်စေ့တင်သွင်းမှုသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်တာကာလအတွင်း စံချိန်တင်တန်ချိန် ၈၀၀,၀၀၀ အထိမြင့်တက်လာနိုင်ကြောင်း ၎င်းက ခန့်မှန်းထားကြောင်း သိရပြီး အိန္ဒိယပဲပုပ်ချက်လုပ်သူများအသင်း(SOPA) ၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်အတွင်း အိန္ဒိယသည် ပဲပုပ်စေ့တန်ချိန် ၂,၀၀၀ ခန့်သာတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မျိုးရိုးဗီဇပြုပြင်မထားသော (Non-GMO)ပဲပုပ်စေ့များကိုသာ တင်သွင်းခွင့်ပြုသဖြင့် ပဲပုပ်စေ့ရရှိနိုင်မှုမှာ ကန့်သတ်မှုများဖြစ်ပေါ်လျက်ရှိပြီး ဘီနင်(Benin)၊ နိုင်ဂျာ(Niger)၊ တိုဂို (Togo)နှင့် နိုင်ဂျီးရီးယား(Nigeria)အပါအဝင် အာဖရိက နိုင်ငံအနည်းငယ်မှသာ တင်သွင်းနိုင်လျက်ရှိပြီး ထိုနိုင်ငံများရှိ Non-GM ပဲပုပ်စေ့များသည် မျိုးရိုးဗီဇပြုပြင်ထားသော (GM) ပဲပုပ်စေ့များထက် ဈေးနှုန်းများစွာပိုမိုမြင့်မားနေကြောင်း သိရသည်။

ပဲပုပ်ဖတ်ထုတ်လုပ်တင်ပို့သည့် Maharashtra Oil Extractions ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Manoj Agrawal ၏ပြောကြားချက်များအရ အိန္ဒိယကုန်သည်များအနေဖြင့် ဇွန်လနှင့် ဇူလိုင်လများအတွက် အာဖရိကပဲပုပ်စေ့များကို ဆိပ်ကမ်းအရောက်ကုန်ကျစရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ခအပါအဝင် (CIF)ဈေးတစ်တန်လျှင် ဒေါ်လာ ၇၀၀ မှ ၇၆၀ ဖြင့် ဝယ်ယူခဲ့ကြကြောင်း၊ ပဲပုပ်ရာသီသစ်သီးနှံများထွက်ပေါ်ချိန်ဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလပိုင်းများအထိ အိန္ဒိယကုန်သည်များအနေဖြင့် အာဖရိကနိုင်ငံများမှ ဆက်လက်တင်သွင်းနေရဦးမည်ဖြစ်ကြောင်း သိရသည်။

**Source: The Economic Time: India cancels soymeal export deals, turns to Africa for soybean imports (ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## တရုတ်နိုင်ငံ ဈေးကွက်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ပုဂ္ဂလိကလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများ တိုးမြှင့်လုပ်ဆောင်နေ

တရုတ်နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးအတွက် သီးသန့်ပြဋ္ဌာန်းထားသော ပထမဆုံးဥပဒေစတင် အသက်ဝင်ခဲ့ပြီးနောက် ပုဂ္ဂလိကကုမ္ပဏီများအတွက် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်များကောင်းမွန်လာခဲ့ကြောင်း တရုတ်နိုင်ငံ ဈေးကွက်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံ ဈေးကွက်ကြီးကြပ်ကွပ်ကဲမှုစီမံခန့်ခွဲရေးအဖွဲ့(SAMR)မှ ကျန်းဒေါက်ယန်(Zhang Daoyang)က "ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးဥပဒေ"(Private Sector Promotion Law)အသက်ဝင်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် မူဝါဒဆိုင်ရာလုပ်ငန်းစဉ်ပေါင်းများစွာကို စတင်ဆောင်ရွက်ခဲ့ကြောင်း ယင်းတို့အနက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးမည့်လုပ်ငန်းစဉ် ၂၂ ခုနှင့် ၂၀၂၆ ခုနှစ်အတွင်း အဆိုပါကဏ္ဍတိုးတက်မှုကို ရည်မှန်းထားသည့် အဓိကလုပ်ငန်းတာဝန် ၃၄ ခုတို့ပါဝင်ကြောင်းဖြင့် ပြောကြားခဲ့ပါကြောင်း ဖော်ပြထားသည်။

တရားမျှတသော ဈေးကွက်ပြိုင်ဆိုင်မှုဖြစ်ပေါ်စေရန်အတွက် ကြီးကြပ်ရေးအဖွဲ့သည် ဈေးကွက်အတွင်းသို့ ဝင်ရောက်ခွင့်ကန့်သတ်ထားသည့်စာရင်း(Negative List)ကို ၁၀၆ ခုအထိလျှော့ချခဲ့ပြီး၊ ဈေးကွက်ဝင်ရောက်မှုအတားအဆီးများ၊ ထုတ်လုပ်မှုအင်အားစုဈေးကွက်များ (Factor Markets)နှင့် ဈေးကွက်လက်ဝါးကြီးအုပ်မှုဆန့်ကျင်ရေး(Anti-monopoly) လုပ်ရှားမှုများကို စတင်ခဲ့ ကြောင်း ဖော်ပြထားသည်။

ကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၅ ခုနှစ်အတွင်း မတရားသဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုဆိုင်ရာ အမှုပေါင်း ၁၄,၆၀၀ နီးပါးကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီး၊ ကုန်အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်ချိုးဖောက်မှုအမှုပေါင်း ၃၀,၀၀၀ ကျော်ကိုစုံစမ်းစစ်ဆေးခဲ့သည့်အပြင်၊ စီးပွားရေးလုပ်ငန်းများအပေါ် မတရားသဖြင့် အခကြေးငွေများကောက်ခံနေမှုကိုလည်းနှိမ်နင်းခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဆန်းသစ်တီထွင်မှုများကိုပံ့ပိုးကူညီရန်အတွက် တစ်နေရာတည်းတွင် နည်းပညာဝန်ဆောင်မှုအပြည့်အစုံပေးနိုင်သော (One-stop technical service)စင်တာပေါင်း ၃,၀၀၀ ကျော်ကို တည်ထောင်ခဲ့ကြောင်း စီမံခန့်ခွဲရေးအဖွဲ့၏ ပြောကြားချက်အရ အရည်အသွေးအာမခံချက်ရှိသော လုပ်ငန်းများအား ဘဏ္ဍာငွေထောက်ပံ့ပေးမှုစနစ်(Quality-backed financing) ကြောင့် ကုမ္ပဏီပေါင်း ၄၀,၀၀၀ ကျော်သည် ယွမ် ဘီလီယံ ၃၀၀ (အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၉ ဘီလီယံခန့်) ထက်မနည်းသော ချေးငွေများကိုရရှိခဲ့ကြောင်း ပုဂ္ဂလိကကဏ္ဍ၏တိုးတက်မှုအရှိန်အဟုန်ကိုဆက်လက်ထိန်းသိမ်းထားရန်အတွက်ပုဂ္ဂလိကစီးပွား

ရေးဥပဒေကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းဖြင့် SAMR ကထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။

ပုဂ္ဂလိကကဏ္ဍသည် တရုတ်နိုင်ငံ ဂျီဒီပီ(GDP)၏ ၆၀ ရာခိုင်နှုန်းကျော်ကိုပံ့ပိုးပေးထားပြီး ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်တွင် စတင်အသက်ဝင်ခဲ့သောပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးဥပဒေသည်ကဏ္ဍတစ်ခုလုံး၏ဖွံ့ဖြိုးတိုးတက်မှုပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်စေရန်၊ တရားမျှတသောဈေးကွက်ပြိုင်ဆိုင်မှုကိုသေချာစေရန်နှင့် ပုဂ္ဂလိကစီးပွားရေးနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ကြီးပွားလာစေရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားသည်။

Source:https://english.www.gov.cn/news/202605/19/content_WS6a0c6f5cc6d00ca5f9a0b1a6.htm

(ဒေါ်တာခင်စံသာဝင်း၊ စီးပွားရေးသံမှူး၊ ပေကျင်းမြို့)

## STOCK EXCHANGE (8.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,025 (Shares) | 152,924,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,500 | +500 | +2.78% | 18,000 | 19,000 | 18,000 | 1,144 | 21,003,500 | 33,109,694 | 612,529 |
| MTSH | 00002 | 9,500 | +1,000 | +11.76% | 8,600 | 9,500 | 8,600 | 3,774 | 35,314,900 | 38,929,150 | 369,827 |
| MCB | 00003 | 15,000 | +1,000 | +7.14% | 15,000 | 15,000 | 15,000 | 1,618 | 24,270,000 | 10,400,986 | 156,015 |
| FPB | 00004 | 8,700 | +700 | +8.75% | 7,900 | 8,700 | 7,900 | 2,778 | 23,120,600 | 31,144,738 | 270,959 |
| TMH | 00005 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 1,249 | 4,621,300 | 12,823,224 | 47,446 |
| EFR | 00006 | 2,000 | +150 | +8.11% | 1,850 | 2,000 | 1,850 | 14,718 | 27,997,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,300 | +200 | +4.88% | 4,200 | 4,300 | 4,200 | 328 | 1,380,200 | 10,497,598 | 45,140 |
| MAEX | 00008 | 6,700 | +700 | +11.67% | 6,100 | 6,700 | 6,100 | 2,416 | 15,217,000 | 23,804,946 | 159,493 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 8th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 896.93 | +57.70 | +6.88% | 846.94 | 896.93 | 846.94 | 28,025 | 152,924,500 | 8 | 1,701,364 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 9th Jun. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,587 (Shares) | 232,871,900 (MMK) |

| MYANPIX | 947.91<br>▲ 50.98 |
|---|---|
| Total Volume (shares) | 32,587 |
| Total Value (MMK) | 233 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,798,068 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 20,000 | ▲ 1,500 |
| MTSH | 00002 | 9,900 | ▲ 400 |
| MCB | 00003 | 16,500 | ▲ 1,500 |
| FPB | 00004 | 8,800 | ▲ 100 |
| TMH | 00005 | 3,700 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 400 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 6,900 | ▲ 200 |

TIR